
mgyoe.com SAMPLE BOOK

# ဟေးအချစ် ဟိုးမှာနှင်းတွေ

ညီမင်းညို



ဒုတိယအကြိမ်

mgyoe.com

mgyoe.com SAMPLE BOOK

လွန်ခဲ့တဲ့
နှစ် ၂၀ကျော်က နှင်းတွေလို့ ထင်မိရုံနဲ့

ရှက်ပြုံးလေး တစ်ချက်
စိန်ပွင့်လို 'လက်'ပြီး

အပျိုမလေးတစ်ယောက်
ကိုယ့်ရှေ့ ချက်ချင်းရောက်လာခဲ့သလို

ဟေး အချစ်ရေ
ဟိုးမှာ နှင်းတွေ

ဟေး နှင်းရေ
ဟိုးမှာ အချစ်တွေကွယ်



ဟေး…အချစ်၊ ညီမင်းညီ၊ 3000/-
2542979032173

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ဒုတိယအကြိမ် | - | ဖေဖော်ဝါရီလ၊ ၂၀၂၂ ခုနှစ်။ |
| ပထမအကြိမ် | - | ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ်။ |
| | | ခရမ်းပြာစာပေ |
| အုပ်ရေ | - | ၁၀၀၀ |
| ထုတ်ဝေသူ | - | ဦးမင်းထက်ဟန်၊ (၀၂၇၇၄) |
| | | တောင်ဇလပ်နီစာပေ |
| ပုံနှိပ်သူ | - | ပုံရိပ်ရှင် ပုံနှိပ်တိုက်၊ (၀၀၈၃၆) |
| မျက်နှာဖုံးပန်းချီ | - | ဓာထာ |
| အတွင်းအပြင်အဆင်နှင့် | | |
| စာစစ် | - | ဇလပ်နီ |
| ဖြန့်ချိရေး | - | ဇလပ်နီစာပေ |
| | | ၀၉၄၄၇၂၆၈၂၆၇ ၊ ၀၉၈၉၉၆၄၀၆၆၈ |
| တန်ဖိုး | - | ၃၀၀၀ ကျပ် |

၈၀၈.၈၄

ညီမင်းညို

ဟေး အချစ် ဟိုးမှာ နှင်းတွေ၊ ညီမင်းညို - ရန်ကုန်။

ဇလပ်နီစာပေတိုက်၊ ၂၀၂၂။

စာ- ၉၀၊ ၁၃.၉ × ၂၀.၇ စင်တီ

(၁) ဟေး အချစ် ဟိုးမှာ နှင်းတွေ၊


mgyoe.com

mgyoe.com

## လွမ်းသူ့လမ်း

## (ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် အမှာ)

ကန္တာရထဲ လေဝဲကတော့ ထိုးသလို
ဘဝထဲ အလွမ်းအဆွေး ဝဲကတော့ ထိုးလာ

ဆောင်းက သူချစ်တဲ့ ရာသီ
နှင်းက ကိုယ်ချစ်ရတဲ့ သူ့နာမည်

ဒီရာသီ ဒီနှင်းနဲ့ ဒီလူ့ရဲ့ တွယ်ငြိမှုကို
တစ်ချိန်က တောလမ်းကလေး သိသလို
တစ်ချိန်က တောပန်းကလေး သိပါတယ်

အတည်တကျ
နှုတ်ဆက်ခဲ့ကြပြီးပြီ ဆိုတော့လည်း
အတည်အတန့်
နှုတ်ဆိတ်နေလိုက်ကြရုံပါပဲ နှင်းရေ

ညီမင်းညို
(၂၀-၂-၂၀၂၂)
. ချင်းအမျိုးသားနေ့

mgyoe.com SAMPLE BOOK

## အမှာ (၁)

### ပိတောက်ဝေးဝေးသို့ အလွမ်းမှာတမ်း

ညဦးက စွတ်ဖြန်းသွားသော
လက်ဆေးမိုးကြောင့်
တစ်မနက်ခင်းလုံး သူ့နာမည်ချည်း
ဘဝထဲ ပွင့်လန်းလို့ နေသည်။

မြေသင်းနံ့ထဲက
ကိုယ်သင်းရနံ့ ဆိုသည်မှာ
ကျွန်တော့်နှလုံးသားက
ဘယ်အချိန်မဆို အလွတ်ရသော
ညနေခင်း အချစ်သီချင်းတစ်ပုဒ် ဖြစ်ပါသည်။

သနပ်ခါး ပါးကွက်ကြားနှင့်
သူ့နာမည်သူ ပြန်လည်ပန်ဆင်ထားသော
မိန်းမပျိုလေးတစ်ယောက်
ရှိုးရှိုးသားသား ရက်ရက်စက်စက် လှနေပုံကို
တစ်ခုသော ဆည်းဆာနေရီ၌
ရင်သပ်ရှုမောဖွယ် ပန်းချီကား တစ်ချပ်ကဲ့သို့



mgyoe.com

mgyoe.com SAMPLE BOOK

မင်သက် ေးမော
ကျွန်တော် နှစ်မြောနေခဲ့ဖူးသည်။

တစ်ယောက်ဆို တစ်ယောက်
ရည်ရွယ်ခဲ့သော်လည်း
ကျွန်တော်နှင့် "မိပိတောက်" ကိုတော့
ကံကြမ္မာက စိတ်ကောက်ခဲ့ပါသည်

ညီမင်းညို
(၂၆-၉-၂၀၁၇)
အင်္ဂါနေ့၊ နံနက် ၈ နာရီ ၃၀ မိနစ်
ရန်ကုန်။


mgyoe.com

mgyoe.com

# အမှာ (၂)

## လမ်းခွဲတစ်ခု၏ အလျား

အလွမ်းဖြင့် ဖွဲ့သီအပ်သော ဆံနွယ်တစ်စ လေထဲသို့ လွင့်ပျံလာသည်။ ဆံနွယ်မှ သင်းပျံ့လျက် ရှိနေသော ရှန်ပူနံ့ မွှေးမွှေးသည် အချစ်နတ်ဘုရားမ၏ ဦးခေါင်းထက်မှ ဖြစ်ကြောင်း သံသယ ဖြစ်စရာ မလိုလောက်အောင် သန့်ရှင်းကြည်လင်နေသည်။ ပိုးသားကဲ့သို့ နူးညံ့ပျော့ပျောင်းလျက်ရှိသော ဆံနွယ်ဆံသားကို ထိတွေ့ရုံမျှဖြင့် ချစ်သူ၏ဘဝ အစစ ပြီးပြည့်စုံမှုကို ခန့်မှန်းတွက်ဆ၍ ရနိုင်လေသည်။

ချစ်သူ သိသည်မှာ သူ၏ အလှတရား ဖြစ်ပြီး ချစ်သူ မသိသည်မှာ ကျွန်တော်၏ သံယောဇဉ်အလျား ဖြစ်သည်။

ချစ်သူ ယုံကြည်သည်မှာ သူ၏ဘဝ ဖြစ်ပြီး ချစ်သူ မယုံကြည်သည်မှာ ကျွန်တော်၏အနာဂတ် ဖြစ်သည်။ ထိုနေ့က တစ်သက်တာ အလွမ်း၏အလျား ဖြစ်စေမည့် ဆံနွယ်တစ်စကို ခုံတန်းပြာပြာပေါ်မှ မြတ်နိုးစွာ ကျွန်တော် သိမ်းဆည်းခဲ့ဖူးပါသည်...။

ညီမင်းညို
(၁၃-၃-၂၀၁၇)
တနင်္လာနေ့၊ နံနက် ၁ နာရီ ၃၀ မိနစ်

မှတ်ချက်။ ။ ကဗျာဆရာ (ကို) မိုးဝေး၏ "ဆံနွယ်တစ်ခု၏အလျား"

ဂေလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

မှာ ထင်ရှားပြီးသော ကဗျာစာအုပ် ဖြစ်ပါကြောင်းနှင့် ဝါကျတစ်ကြောင်း၊ စိတ်ကူးတစ်စကို သွားရင်းလာရင်း မှတ်စုထား ရေးခြစ်မိခြင်း ဖြစ်ပါကြောင်း…။


mgyoe.com

mgyoe.com SAMPLE BOOK

# အမှာ (၃)

## အလွမ်း၏ အရောင်အဆင်း

အလွမ်း၌ တစ်စုံတစ်ရာ အရောင်းအဆင်း ရှိနေလိမ့်မည်ဟု ထင်မှတ်မထားခဲ့ပါ။ ရေသည် နိမ့်ရာမှ မြင့်ရာသို့ တစ်သမတ်တည်း တစ်ဖက်သတ် စီးဆင်းသကဲ့သို့ အလွမ်းဟူသော ချစ်ခြင်း၏သင်္ကေတ နောက်ဆက်တွဲ ဝေဒနာလက္ခဏာများသည်လည်း စွန့်ပစ်ချန်ထားခြင်း ခံရသူထံ၌သာ တဝဲလည်လည်နှင့် ပျော်မွေ့ကျင်လည်၍ နေလေသည်။ အလွမ်းသည် စူးစူးရဲရဲ နေရောင်ခြည်အောက်၌ ဆွေးဆွေးမြည့်မြည့် တောက်ပ နီစွေးနေသလို ထိုင်းထိုင်းမှိုင်းမှိုင်း ရာသီစက်ဝိုင်း၌လည်း အလွမ်း၏ အရောင်အဆင်းကို သုန်သုန်မှုန်မှုန်နှင့် မပီပိုးတဝါး ဆိုးဆိုးရွားရွား ရင်ဆိုင်ရလေသည်။ စက္ကန့်၊ မိနစ်၊ နာရီ၊ နေ့ရက်။ ကာလနရီတို့နှင့် သဟဇာတ မဖြစ်၊ အချစ်၌ မပြတ်သားမရဲရင့်နိုင်ခဲ့သူတို့ သွားရာလမ်းသည် အလွမ်းသင်္ချိုင်း၌သာ နေဝင်မိုးချုပ် စုံးစုံးမြုပ်ခဲ့ရစမြဲပင် ဖြစ်လေသည်။ ။

ညီမင်းညို
(၁၃-၃-၂၀၁၇)
တနင်္လာနေ့၊ ည ၇ နာရီ။


mgyoe.com

mgyoe.com SAMPLE BOOK


## အမှာ (၄)

နှင်းရည် ဝိုးတဝါး
အရည်ပျော်မကျခင်လေး
ဘဝကို မြင်ယောင်ကြည့်တော့
အချစ်ကို သတိရမိတော့
သံယောဇဉ်ကို စမ်းသပ်ကြည့်တော့
အလွမ်းများနှင့် လူက
လေယူရာ တလွင့်လွင့်

ညီမင်းညို
(၁၆-၁-၂၀၁၆)
ဗုဒ္ဓဟူးနေ့၊ နံနက် ၁၀ နာရီ ၅၀ မိနစ်
မကွေးမြို့။


mgyoe.com

mgyoe.com SAMPLE BOOK



illustrated by mar na

mgyoe.com

mgyoe.com SAMPLE BOOK

ဟေး အချစ်

ကားထက်
သင်္ဘောထက်
လေယာဉ်ထက်
မြန်တယ်
အဲဒီ
လွမ်းနေတဲ့ စိတ်ကလေး

ညီမင်းညို

(၈-၉-၂၀၁၇၊ သောကြာ၊ နံနက် ၁၁း၃၀၊ ရန်ကုန်)

ရလပ်နိုစာပေ

mgyoe.com

mgyoe.com
SAMPLE BOOK


ဟေး အချစ်

အမြင့်ပေ တစ်သောင်းရှစ်ထောင်
တစ်နာရီ မိုင် ၂၈၀ အဝေးပြေး
ကိုယ်သိပ်နွေးနေသလား အချစ်ကလေး

ညီမင်းညို

(၄-၁၁-၂၀၁၆၊ သောကြာ၊ ညနေ ၄း၁၅၊ ပုတာအို-မြစ်ကြီးနား၊ မန္တလေး-ရန်ကုန် လေယာဉ်ပေါ်)

ဇလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

ဟေး အချစ်

တက်သွားတဲ့ လေယာဉ်ကြီး
ပြန်ဆင်းလာမှာ သေချာလား...
မုန်းသွားတဲ့ မင်းကရော
ပြန်ချစ်လာနိုင်သေးလို့လား

ညီဝင်းညို

(၇-၉-၂၀၁၆ ၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၈း၀၀၊ ရန်ကုန်မှ သံတွဲ UB221 MNA လေယာဉ်ပေါ်)

ဇလပ်နီစာပေ

mgyoe.com

mgyoe.com
SAMPLE BOOK


ဟေး အချစ်

လေယာဉ်စက်နှိုးသံ ကြားတိုင်း
ဒီဘဝတော့ ဒီမျှသာလို့ အမြဲတွေးမိ

မပျောက်မရှု မြေပြင်ကို ကောက်ရတိုင်းလည်း
ဘဝဟာ အသစ်ပြန်စ
အသစ်မှာ အချစ်ပြန်ရ
ကိုယ့်ဘက်ကလည်း ခေတ်ထဲ
အနှစ်ကို စစ်စစ်ပြီးတော့ သ

ညီမင်းညို

( ၁၈-၈-၂၀၁၆ ကြာသပတေးနေ့ နံနက် ၁၁း၄၀၊ ရန်ကုန်လေဆိပ်မှ အိမ်အပြန် )

ဇလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

ပေါ့ အချစ်

မင်း ပျော်တာ သေချာလား
မင်း ပျော်တာ သေချာပါစေ
မင်း ပျော်တာ သေချာတယ် ဆိုရင်
ငါ ပျော်တာ သေချာတယ် အချစ်

ညီမင်းညို

( ၃၁-၈-၂၀၁၇၊ ကြာသပတေးနေ့၊ ည ၉း၄၅၊ ပုဂံ၊ Gracious Bagan Hotel )

ဇာလပ်နီစာပေ

mgyoe.com

mgyoe.com
SAMPLE BOOK


ဟေး အချစ်

ငါးထွေ(ငထွေ) ရတဲ့နေ့က
ကိုတံငါလို အပျော်မျိုးနဲ့
တောင်ထွင့်ဖျားက စေတီဦး
စံပယ်ဖူးကလေး
လှူခဲ့တယ်

ညီဝင်းညို

( ၁၁-၆-၂၀၁၆၊ စနေနေ့၊ နံနက် ၁၂း၀၀၊ မင်းကင်း၊ မြို့မရွာမှ ခုံသာရွာ ချောင်းရိုးအပြတ် )

ဇလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

ပဟေး အချစ်

နှင့်အလွမ်း တစ်ခါဖမ်း
ငါ့အလွမ်း ဆယ်ခါဖမ်း
နှင့်မေတ္တာ တစ်ခါလွှတ်
ငါ့မေတ္တာ တစ်သံသရာလွှတ်

ညီဝင်းညို

( ၈-၉-၂၀၁၇၊ သောကြာနေ့၊ နံနက် ၁၁း၁၁၊ ရန်ကုန် )

ဇလပ်နီစာပေ

mgyoe.com

mgyoe.com

ဟေး အချစ်

မရှိတော့တဲ့ ခြေတစ်ဖက်က "ဘယ်"
ကောက်ရတဲ့ ဖိနပ်တစ်ဖက်ကလည်း "ဘယ်"
အဝေးမှုန် အနီးကန်း အလွမ်းဒီဂရီသမားကိုမှ
အချစ်က နေကာမျက်မှန် လက်ဆောင်ပေးလေတယ်

ညီမင်းညို

( ၈-၉-၂၀၁၇၊ သောကြာနေ့၊ နံနက် ၁၁း၁၅၊ ရန်ကုန် )

ဇလပ်နီစာပေ

mgyoe.com

ဟေး  အချစ်

အမုန်းမုန်တိုင်းသတင်းတွေ
ဘဝထဲ ဘယ်လောက် ပျံ့နှံ့စိမ့်ဝင်ပါစေ
သံသရာတစ်ခုစာ
သံယောဇဉ်ကို သိလှောင်ထားပြီးမှတော့

အချစ်ကို
ဘာလို့ ဆက်မချစ်ရဲရမှာလဲ အချစ်

ညီဝင်းညို

( ၁၃-၉-၂၀၁၇၊ ဗုဒ္ဓဟူးနေ့၊ ညနေ ၃း၀၀ ၊ ရန်ကုန် )

ဇလပ်နီစာပေ

mgyoe.com

mgyoe.com

## ဟေး အချစ်

လရောင်
လူးလွန့်
    လှုပ်ရှား
    သက်ဝင်
စီးဆင်း
ဖြာကျ
    ညထဲ
    လှိုင်းထ
ကမ်းပါး
တိုက်စား
    ပြိုလဲ
    ငိုပွဲ
ရှင်ကွဲ
အချစ်

ညီဝင်းညို

( ၁၉-၁-၂၀၁၄၊ ည ၁၁:၅၀ ၊ ကြိုပြင်မှ ဥသျှစ်ပင်အကူး လမ်းခရီး )

ဇလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

## ပေား အချစ်

တလက်လက်
နေရောင်အောက်မှာ
        စားသွားဟာ
        မြနေ
စွယ်တော်တစ်ရွက်
ကြွေ
        စားသွားပေါ်
        ထက်ပိုင်းပြတ်
တမြည့်မြည့်
လရောင်အောက်မှာ

ညီဝင်းညို

( ၇-၅-၂၀၁၆၊ စနေ၊ ည ၁၂:၀၀ ၊ စကု )


mgyoe.com